# Covid –19 ကူးစက်ရောဂါကျရောက်နေစဉ် ရွေးကောက်ပွဲများအား စီမံခန့်ခွဲခြင်း – ကိုရီးယားသမ္မတနိုင်ငံ၏ အရေးပါသည့် စမ်းသပ်ချက်

International IDEA Technical Paper 2/2020

*Antonio Spinelli*

ကမ္ဘာအနှံ့ဖြစ်ပွားလျက်ရှိသော Covid–19 သည် နိုင်ငံနှင့် တိုင်းပြည်အသီးသီးတွင် စီစဉ်ထားသည့် ရွေးကောက်ပွဲများအား ကျင်းပရမည်လော သို့မဟုတ် ရွှေ့ဆိုင်းရမည်လော နှင့်စပ်လျဉ်း၍ မကြုံစဖူးဖိအားများပေးလျက်ရှိသည်။ ရွေးကောက်ပွဲများ ဆက်လက်ကျင်းပရမည်လော၊ ရွှေ့ဆိုင်းရမည်လော အငြင်းပွားဖွယ်ရာများရှိသည်။

ထိုသို့ ရွေးကောက်ပွဲများကျင်းပရေးနှင့် ရွှေ့ဆိုင်းရေးတို့ နှစ်ခုကြား ရွေးချယ်ရာတွင် ဟန်ချက်ညီညီဖြစ်စေရန် ချိန်ညှိခြင်းသည် လွယ်ကူသည့်အလုပ်တစ်ခု မဟုတ်ပါ။ အစိုးရနှင့် နိုင်ငံသားများကြား လူမှုဘဝအခွင့်အရေးနှင့်တာဝန်များ သဘောတူညီချက်ကို ဖြည့်ဆည်းခြင်းသည် ၎င်းတို့၏ ကျန်းမာရေးနှင့် အသက်ခန္ဓာအား ပေးဆပ်ရသည်အထိ ဖြစ်သင့်ပါသလော။ သို့တည်းမဟုတ် လူမှုအဖွဲ့အစည်း၏ ဆန္ဒမဲပေးသည့် ရှိရင်းစွဲဓလေ့ ကျင်းပရန်အလို့ငှာ လူစုလူဝေးများပြုလုပ်ခြင်းကြောင့် ရောဂါဖြစ်ပွားမှု ပိုမိုဆိုးရွားလာမည့်အရေး စိုးရိမ်ပူပန်မှုများသည် အခြားသော ထည့်သွင်းစဉ်းစားဖွယ်ရာအချက်များကို လွှမ်းမိုးသွားသင့်ပါသလော။

ယခုဤစာကို ရေးသားနေသည့်အချိန်တွင် International IDEA မှ ဒေတာအချက်အလက်ကောက်ယူကာ နောက်ဆုံးပေါ်အခြေအနေများကို ပုံမှန်ရှင်းလင်းတင်ပြလျက်ရှိသော “*COVID–19 နှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ ခြုံငုံသုံးသပ်ချက်– ရွေးကောက်ပွဲများအပေါ် သက်ရောက်မှု*” အရ နိုင်ငံများ၊ ပြည်နယ်များနှင့် ဒေသများ[1] စုစုပေါင်း အနည်းဆုံး ၅၀ သည် _ကမ္ဘာ့ကပ်ရောဂါကျရောက်နေစဉ် ရွေးကောက်ပွဲများကျင်းပခြင်းဖြင့် ဗိုင်းရပ်စ်ပြန့်ပွားနိုင်ခြေ အလားအလာနှင့် ကြုံတွေ့ခဲ့ရသည့်အတွက်_ မဲပေးခြင်းကို ရွှေ့ဆိုင်းရန် ရွေးချယ်ခဲ့ကြသည်။ ပို၍အန္တရာယ်များနိုင်သော်လည်း အချို့နိုင်ငံများသည် ၎င်းတို့စီစဉ်ထားသည့်အတိုင်း ရွေးကောက်ပွဲများကို ဆက်လက်ကျင်းပမည့်ခက်ခဲသည့်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည်။

ထိုသို့ရွေးကောက်ပွဲများ ဆက်လက်ကျင်းပရန်ဆုံးဖြတ်ခဲ့သော ရဲတင်းသည့်နိုင်ငံများထဲတွင် ကိုရီးယားသမ္မတနိုင်ငံသည် COVID–19 ရောဂါခြိမ်းခြောက်မှုအောက်တွင် နိုင်ငံတော်အဆင့် အဓိကရွေးကောက်ပွဲကြီးများကို ကျင်းပရန် ဆုံးဖြတ်ခဲ့သည့် ပထမဆုံးသောနိုင်ငံဖြစ်သည်။ ၂၀၂၀ ခုနှစ် ဧပြီလ ၁၅ ရက်တွင် ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ဥပဒေပြုလွှတ်တော်

---

[1] International IDEA’s website <https://www.idea.int/news-media/ multimedia-reports/global-overview-covid-19-impact-elections>.

ကိုယ်စားလှယ်နေရာပေါင်း ၃၀၀ အတွက် ကြိုတင်ကာကွယ်မှုများနှင့်အတူ ရွေးကောက်ပွဲများကျင်းပခဲ့ခြင်းသည် မှန်ကန်သည့် ကိစ္စဟုတ်မဟုတ်ကို အဓိကစမ်းသပ်မှုအဖြစ် သရုပ်ဖော်ခဲ့သည်။

## ပြည်သူလူထု အယုံအကြည်ရှိမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စမ်းသပ်ချက်

အဆိုပါရွေးကောက်ပွဲများအပေါ် အယုံအကြည်ရှိမှုအတွက် ပထမဆုံးသော စမ်းသပ်ချက်မှာ ပြည်တွင်းရွေးကောက်ပွဲများ ကျင်းပနိုင်မှုရှိမရှိပင် ဖြစ်သည်။ ဖေဖော်ဝါရီလတွင် တရုတ်နိုင်ငံအတွင်းမှပြင်ပသို့ COVID–19 ရောဂါ အကြီးအကျယ်ကူးစက်မှု စတင်ခြင်းသည် ကိုရီးယားသမ္မတနိုင်ငံသို့ ရောက်ရှိပျံ့နှံ့သွားသည့်အခါ ကိုရီးယားအစိုးရအနေဖြင့် ရောဂါကူးစက်မှုရှိမရှိ စမ်းသပ်စစ်ဆေးခြင်းနှင့် စောင့်ကြည့်ခြင်း၊ လူနာနှင့်ထိတွေ့ခဲ့သူများအား ခြေရာခံခြင်း၊ တစ်ဦးတည်းသီးခြားခွဲနေစေခြင်း (self-isolation)၊ တစ်ဦးနှင့်တစ်ဦး ခပ်လှမ်းလှမ်းခွာ၍ နေစေခြင်း (socila distancing)နှင့် ပြည်ပမှရောက်ရှိလာသူများထံမှ ရောဂါမကူးစက်စေရန်ခွဲထားခြင်း (quarantine) တို့ အပါအဝင် တင်းကျပ်သည့်အစီအမံများ ပေါင်းစပ်ထားသည့် ကန့်သတ်ထိန်းချုပ်မှု အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။ ၂၀၂၀ ခုနှစ် နိုင်ငံလုံးဆိုင်ရာ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲများကို မူလက စီစဉ်ထားသည့်အတိုင်း ဧပြီလတွင်[2] အချိန်မီ ကျင်းပနိုင်ခြင်းရှိမရှိဟူသည့် အခြေအနေနှင့် စပ်လျဉ်း၍ နိုင်ငံရေးဆိုင်ရာနှင့် ပြည်သူလူထုကြား ဆွေးနွေးငြင်းခုံပွဲများတွင် အစောပိုင်း၌ မသေချာမရေရာဖြစ်နေခဲ့သည်။ ဗိုင်းရပ်စ်အား အောင်မြင်စွာ ကန့်သတ်ထိန်းချုပ်နိုင်သည့်အချိန်တွင် အဆိုပါမသေချာမရေရာမှုများကို ရှောင်ရှားနိုင်ခဲ့ကာ ရွေးကောက်ပွဲများကို ဆက်လက်ကျင်းပရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆီသို့ လမ်းဖောက်နိုင်ခဲ့သည်။

သို့သော်လည်း COVID–19 ကူးစက်ရောဂါသည် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများအတွက် ဆောင်ရွက်ရန်ရှိသည့် နိုင်ငံရေးစက်ဝန်း(Political agenda)တွင် အဓိကကျသည့် ကိစ္စရပ်များအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့သည်။ နှစ်ဆန်းပိုင်းတွင် ကူးစက်ရောဂါပြန့်ပွားမှုကို ဦးစားပေးခဲ့သော်လည်း အခြားသောကိစ္စရပ်များထက်စာလျှင် ပုံမှန်ကိစ္စရပ်များဖြစ်သော နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှု၊ မကြာသေးမီက ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာပြုပြင်ပြောင်းလဲမှု[3]၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယားနိုင်ငံ)နှင့် ဆက်ဆံရေးတို့ ကဲ့သို့သော ကိစ္စရပ်များက မဲအများစုကို လွှမ်းမိုးခဲ့ကြောင်း တွေ့ရသည်။ နိုင်ငံ၌ COVID–19 ကူးစက်မှုကျရောက်ခဲ့ရာတွင် အစိုးရ၏ နှေးကွေးသည့် ကနဦးတုံ့ပြန်ဆောင်ရွက်ချက်ကြောင့်

---

[2] အများပြည်သူဆိုင်ရာ တရားဝင်ရွေးကောက်ပွဲအက်ဥပဒေ ပုဒ်မ ၁၉၆ တွင် 'သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ မြေပြင်ရုတ်တရပ် အပြောင်းအလဲဖြစ်ပေါ်၍အန္တရာယ်ပေါ်ပေါက်ခြင်း သို့မဟုတ် အခြားသောရှောင်လွှဲ၍မရသည့် အကြောင်းကိစ္စများဖြစ်ပေါ်လာပါက' သမ္မတသည် ရွေးကောက်ပွဲအား ရွှေ့ဆိုင်းနိုင်ရန် အာဏာနှင်းအပ်ထားသည်။

[3] ၂၀၂၀ ခုနှစ် ဧပြီလတွင် ကျင်းပမည့် ရွေးကောက်ပွဲများမတိုင်မီ လအနည်းငယ်အလို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုရီးယားသမ္မတနိုင်ငံ၏ ရွေးကောက်ပွဲဥပဒေအား အဓိကအပြောင်းအလဲကြီးနှစ်ခု ပြုလုပ်ခဲ့ရာ– (က) လွှတ်တော်တစ်ရပ်စနစ် နိုင်ငံလုံးဆိုင်ရာလွှတ်တော်၏ ကိုယ်စားလှယ်နေရာ ၃၀၀ အတွက် ပြင်ဆင်လိုက်သည့် ရွေးကောက်ပွဲစနစ်အရ မဲဆန္ဒရှင်များသည် ဆန္ဒမဲကို နှစ်ကြိမ် တစ်ပြိုင်နက်တည်း ပေးရမည်– မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ အနိုင်ရမည့် မဲဆန္ဒနယ်များတွင် မဲအများဆုံးရရှိသူတစ်ဦးသာ အနိုင်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း ၂၅၃ နေရာအတွက် တစ်ကြိမ်မဲပေးရမည်၊ ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်နေရာပေါင်း ၄၇ နေရာအတွက် ပါတီအချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်မည်ဖြစ်၍ နောက်တစ်ကြိမ်ကိုမူ နိုင်ငံရေးပါတီတစ်ခုအား မဲပေးရမည်။ (ခ) မဲပေးခွင့်ရှိသည့် အသက်ကန့်သတ်ချက်ကို ၁၉ နှစ် မှ ၁၈ နှစ်သို့ လျှော့ချလိုက်သည်။

ကူးစက်ရောဂါအား ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးမှုသည် တစ်ရှိန်ထိုးတက်လာပြီး ဆုံးဖြတ်ချက်ချရန်လိုအပ်သည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တစ်ခုအဖြစ် အလျင်အမြန်ပင် ဖြစ်ပေါ်ခဲ့သည်။

ဤကဲ့သို့သော ထူးခြားသည့်အခြေအနေမျိုးများတွင် နိုင်ငံရေးပါတီကြီးနှစ်ခု (လက်ရှိအာဏာရပါတီနှင့် အတိုက်အခံပါတီ) အတွက် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများသည် နိုင်ငံရေးဆိုင်ရာနှင့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အလမ်း ဖြစ်လာခဲ့သည်။ သမ္မတမွန်ဂျေအင်း (Moon Jae-in)၊ အစိုးရအဖွဲ့နှင့် အာဏာရ ကိုရီးယား ဒီမိုကရက်တစ်ပါတီ (DPK) တို့အနေဖြင့် ချမှတ်ခဲ့သည့် အစီအမံများ၏ အကျိုးသက်ရောက်မှုရှိခြင်းနှင့် လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းကို တုံ့ပြန်ဆောင်ရွက်ခြင်းတို့တွင် ၎င်းတို့၏ စွမ်းဆောင်ရည်ကို ဖော်ထုတ်ပြသရန် အရေးကြီးလာခဲ့သည်။ အခြားတစ်ဖက်တွင်မူ အတိုက်အခံတို့သည် ကူးစက်ရောဂါ ဖြစ်ပွားခြင်းအပေါ် အစိုးရ၏တုံ့ပြန်ဆောင်ရွက်မှုသည် မလုံလောက်ကြောင်းနှင့် ၎င်းတို့၏ မှတ်ယူချက်အရ COVID-19 အား ထိန်းချုပ်မှု မအောင်မြင်ခြင်းသည် နိုင်ငံ့စီးပွားကို ကစဉ့်ကလျားဖြစ်စေလိမ့်မည်ဖြစ်ကြောင်း မဲဆန္ဒရှင်များကို ပြောကြားကာ သိမ်းသွင်းစည်းရုံးမှုများ အားးစိုက်လုပ်ဆောင်ခဲ့ကြသည်။

## ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေစဉ် ရွေးကောက်ပွဲများစီမံခန့်ခွဲရေးအတွက် စမ်းသပ်ချက်တစ်ခု

ဒုတိယအနေဖြင့် အလွန်အရေးပါသောစမ်းသပ်ချက်မှာ ကျယ်ပြန့်သော ကမ္ဘာ့အမြင်ဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲတစ်ခုကို ကျင်းပခဲ့သည့် ရှေ့ဆောင်နိုင်ငံများ[4]အနက်မှ တစ်နိုင်ငံဖြစ်သောကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ ၂၁ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်းသည် စတင်ပြင်ဆင်သည့်အဆင့်များကတည်းက တစ်ကမ္ဘာလုံး၏ စိတ်ဝင်စားမှုကို ရရှိခဲ့သည်။ ကမ္ဘာ့တိုက်ကြီးများအားလုံးမှ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့တွင် တာဝန်ထမ်းရွက်နေကြသော ဝန်ထမ်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးသမားများသည် ကိုရီးယားသမ္မတနိုင်ငံအား မျက်စိဒေါက်ထောက် စောင့်ကြည့်ကြသည်။ ဤကဲ့သို့သော တမူထူးခြားသည့် စိန်ခေါ်မှုအခြေအနေများအောက်တွင် ရွေးကောက်ပွဲများကို စီမံခန့်ခွဲလျက်ရှိသည့် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင် (National Election CCommission) ကို အနီးကပ်စောင့်ကြည့်ကာ အဆိုပါရွေးကောက်ပွဲ၏ အောင်မြင်ခြင်းနှင့် ကျရှုံးခြင်းများမှ အဓိကကျသည့် သင်ခန်းစာများယူ၍ ဖိအားများပေးလျက်ရှိသည့်မေးခွန်းများအတွက် အဖြေများပေးပါလိမ့်မည်-

- လုံခြုံစွာ မဲပေးနိုင်မည့် ပတ်ဝန်းကျင်တစ်ခုဖြစ်အောင် ဆောင်ရွက်ရန် မည်ကဲ့သို့သော အစီအမံများ ချမှတ်ခဲ့သနည်း။ မဲဆန္ဒရှင်အနေဖြင့် လုံလောက်သည့် အာမခံချက်နှင့် ယုံကြည်မှုရှိရှိ မဲပေးနိုင်ရန် ထိုအစီအမံများကို မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ခဲ့သနည်း။
- ကမ္ဘာ့ကပ်ရောဂါသည် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးရေးနှင့် လူထုပရိတ်သတ်ထံရောက်ရှိမှုတို့ကို မည်သို့သော သက်ရောက်မှုဖြစ်စေခဲ့သနည်း။

4

- COVID-19 ရောဂါကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြေများရှိသည့်အတွက် မဲဆန္ဒရှင်များ လာရောက်မဲပေးမှုကို အဟန့်အတား ဖြစ်စေခဲ့ပါသလော။ ထို့ကြောင့် မဲပေးသူအရေအတွက်ကို သက်ရောက်မှုရှိခဲ့ပါသလော။ ကမ္ဘာ့ကပ်ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် အခက်အခဲသည် ရွေးကောက်ပွဲများအပေါ် အများယုံကြည်လက်ခံမှုနှင့် တရားဝင်ဖြစ်မှုတို့ကို လျော့ကျစေသည့်အဆင့်ထိ ရောက်ရှိခဲ့ပါလော။
- နောက်ဆုံးအနေဖြင့် ရွေးကောက်ပွဲများဆက်လက်ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် မဲဆန္ဒရှင်များနှင့် မဲရုံတာဝန်ရှိပုဂ္ဂိုလ်များ၏ ကျန်းမာရေးထိခိုက်နိုင်ခြေများ ပိုရှိခဲ့ပါသလော။

## ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် အခြေအနေမျိုးများအတွက် အထူးအစီအမံများ

COVID-19 ပြဿနာ စတင်ပေါ်ပေါက်ချိန်မှစ၍ ရွေးကောက်ပွဲများ ဆက်လက်ကျင်းပရန် ဆုံးဖြတ်ချက် တရားဝင်ဖြစ်ပြီးနောက် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင် (NEC) သည် မဲဆန္ဒရှင်များ မဲပေးရာတွင် အလုံခြုံဆုံးပတ်ဝန်းကျင် တစ်ခုဖြစ်စေရန် အာမခံသည့် ၎င်း၏ကတိကဝတ်နှင့် စွမ်းဆောင်ရည်ကိုပြသရန် ချက်ချင်းအရေးယူဆောင်ရွက်ခဲ့သည်၊ 'ကူးစက်မှုမရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်ခြင်းသည် အကောင်းဆုံးရွေးကောက်ပွဲစီမံခန့်ခွဲမှုပင်ဖြစ်သည်ဟူသော ယုံကြည်မှုနှင့်အတူ နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင် (NEC) သည် မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်ကြောင့်ကြမှု မရှိဘဲ မဲပေးနိုင်ရန် အာမခံသော အစီအမံများကို ပြင်ဆင်ဆောင်ရွက်ပါမည်' ဟု နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌမှ မဲဆန္ဒရှင်များအား အာမခံသည့် အများပြည်သူဆိုင်ရာ ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ထိုသို့ကြေညာပြီးနောက် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်သည် အထူးအစီအမံများစွာ ထုတ်ပြန်ကာ ၎င်း၏ကတိကဝတ်ကို မဆိုင်းမတွပင် ဆက်လက်လုပ်ဆောင်၍ လာရောက်မဲပေးသူများ ထိခိုက်မှုနှင့် မဲပေးရာတွင် ဗိုင်းရပ်စ်ပျံ့နှံ့ကူးစက်မှု လျော့နည်းစေရန် ဆောင်ရွက်ခဲ့သည်။

## ရွေးကောက်ပွဲကျင်းပမည့်ရက်မတိုင်မီ ရက်များခွဲ၍ မဲပေးခွင့်ကို အားပေးခြင်း

အထူးအစီအမံများအနက်မှ ပထမတစ်ခုမှာ မဲပေးခွင့်ရှိသူများအားလုံးကို ရွေးကောက်ပွဲနေ့မတိုင်မီ မဲပေးခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို အပြည့်အဝအသုံးချရန် ဦးစွာတိုက်တွန်းခဲ့ရသည်။ ကြိုတင်မဲပေးသည့် ဤနည်းလမ်းကို ၂၀၁၃ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် ပထမဆုံးအကြိမ်အဖြစ် မိတ်ဆက်ခဲ့ပြီး နောက်နှစ်တွင် နိုင်ငံတစ်နံတစ်လျား ကျင်းပခဲ့သည့် ဒေသန္တရရွေးကောက်ပွဲများ၌ ကျင့်သုံးဆောင်ရွက်ခဲ့သည်။ မည်သည့်ဒေသတွင်နေထိုင်သည့် မဲဆန္ဒရှင်မဆို ရွေးကောက်ပွဲနေ့မတိုင်မီ မဲပေးခွင့်ကို ခွင့်ပြုခဲ့သည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲနေ့မတိုင်မီ မဲပေးခြင်းကို ဧပြီလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ပြုလုပ်ခဲ့ပြီး နိုင်ငံအနှံ့ မဲရုံပေါင်း ၃,၅၀၀ ဖွင့်လှစ်ထားခဲ့သည်။ ဤရွေးကောက်ပွဲများ၌ မဲဆန္ဒရှင်များကို ရွေးကောက်ပွဲနေ့မတိုင်မီ မဲပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား အသုံးချရန် တိုက်တွန်းရသည့်အကြောင်းမှာ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ စုရုံးရောက်ရှိလာမည်ဟု မျှော်မှန်းထားသည့် မဲဆန္ဒရှင်အရေအတွက်ကို လျှော့ချရန် ကြိုးပမ်းခဲ့ခြင်းပင် ဖြစ်သည်။

နောက်ထပ်အရေးပါသည့် အစီအမံတစ်ရပ်မှာ ဆေးရုံများနှင့် အခြားဆေးကုသရေးအဆောင်များတွင် ဆေးကုသမှုခံယူလျက်ရှိသည့် COVID-19 ရောဂါသည်လူနာများအတွက်လည်းကောင်း၊ ရောဂါကူးစက်ခံရသူများနှင့် ထိတွေ့မှုရှိခဲ့သည့်အတွက် ရောဂါမကူးစက်စေရန်ခွဲထားခြင်း (quarantine)နှင့် တစ်ဦးတည်းသီးခြားခွဲနေစေခြင်း (self-isolation) တို့ ခံယူနေသည့် နိုင်ငံသားများအတွက်လည်းကောင်း နေအိမ်မှမဲပေးခွင့်ပြဋ္ဌာန်းချက်များ (ရွေးကောက်ပွဲနေ့မတိုင်မီ စာပို့စနစ်ဖြင့် မဲပေးခြင်း)ကို တိုးချဲ့ခဲ့ခြင်းဖြစ်သည်။ သာမန်အခြေအနေများနှင့် ယခင်ရွေးကောက်ပွဲများ၌ သီးခြားမဲပေးခွင့်ရှိသူများတွင်[5] အကြုံးဝင်မှသာလျှင် နေအိမ်မှမဲပေးခွင့်ပြဋ္ဌာန်းချက်များကို အသုံးပြုခွင့်ရှိသည်။ စာပို့စနစ်ဖြင့် မဲပေးရန် ‘နေအိမ်မှမဲပေးခြင်း’ လျှောက်ထားမှုကို ဒေသန္တရအုပ်ချုပ်ရေးရုံး၌ မတ်လ ၂၄ရက်မှ ၂၈ ရက်ကြားတွင် စာရင်းသွင်းရသည်။

ထို့အပြင် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်(NEC)သည် ‘နေအိမ်မှမဲပေးခြင်း’ လျှောက်ထားခွင့် တရားဝင်ကာလ ကုန်ဆုံးသွားသည့်အတွက် လျှောက်ထားနိုင်ခြင်းမရှိခဲ့သည့် COVID-19 ကူးစက်ခံရသည့်သူများ ဆန္ဒမဲပေးပိုင်ခွင့်ကို အာမခံသည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ပေးခဲ့သည်။ အဆိုပါလူနာများသည် ဆေးရုံများနှင့် အခြားဆေးကုသရေးအဆောင်များအတွင်း အထူးမဲရုံများ ပြုလုပ်ပေးကာ ဆေးဝါးနှင့် အထောက်အကူပြုဝန်ထမ်းများနှင့်တကွ ရွေးကောက်ပွဲမတိုင်မီမဲပေးနိုင်ခဲ့သည်။

## လုံခြုံစွာ မဲပေးနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်စေခြင်း

ထို့အပြင် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်(NEC)သည် ဧပြီလ ၁၅ ရက်တွင် ကျင်းပသည့် ရွေးကောက်ပွဲနေ့၌ နိုင်ငံအနှံ့ရှိ မဲရုံပေါင်း ၁၄,၃၀၀ သို့ ကိုယ်တိုင်လာရောက်မဲပေးလိုသူများအတွက် ပို၍လုံခြုံစွာ မဲပေးနိုင်သည့်ပတ်ဝန်းကျင်တစ်ခုကို အာမခံသည့် တင်းကျပ်သောအစီအမံများ ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်အပြီးတွင် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်(NEC)သည် မဲရုံအပြင်ဖက်တန်းစီခြင်းမှသည် မဲရုံများအတွင်း လူများစုပြုံမှုကို ထိန်းချုပ်ခြင်းနှင့် မဲပေးရာတွင် အသုံးပြုသည့်ပစ္စည်းများ ဘေးကင်းစွာအသုံးပြုနိုင်ရေးအထိ မဲပေးခြင်းလုပ်ငန်းစဉ် အဆင့်များတစ်လျှောက် မဲဆန္ဒရှင်များအား ရောဂါကူးစက်မှု အန္တရာယ်ကို ကန့်သတ်ထိန်းချုပ်နိုင်ရန် အရေးကြီးသည့် လုံခြုံရေးအစီအမံများနှင့် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ခဲ့သည်။

မဲဆန္ဒရှင်များအတွက်လမ်းညွှန်တွင် ပါဝင်သော တင်းကျပ်သည့် လုံခြုံရေးအစီအမံများနှင့် ကြိုတင်ကာကွယ်မှုများ-

- မဲပေးရန်တန်းစီရာတွင် မဲဆန္ဒရှင်များသည် နှာခေါင်းစည်းများ (face masks) ကို တပ်ထားရမည်။
- မဲရုံအတွင်း မဝင်ရောက်မီ မဲဆန္ဒရှင်များကို ထိရန်မလိုသည့်အပူချိန်တိုင်းသာမိုမီတာဖြင့် စစ်ဆေးရမည်- ၃၇.၅ ဒီဂရီဆဲစီးရပ်စ်ထက် ကိုယ်ပူချိန်မြင့်တက်နေသူများ သို့မဟုတ်

[5] သီးခြားမဲပေးခွင့်ရှိသူများတွင် မသန်စွမ်းသူများ၊ သွားလာရန်ခက်ခဲသည့် သက်ကြီးရွယ်အိုများ၊ ဆေးရုံများနှင့် လူနာပြုစုစောင့်ရှောက်ရေးဂေဟာများတွင် တက်ရောက်နေရသူများ၊ အချုပ်ခန်းတွင် ထိန်းသိမ်းခံရသူများ၊ အစရှိသဖြင့်။

အသက်ရှုလမ်းကြောင်းဆိုင်ရာပြဿနာရှိသည့် လက္ခဏာပြနေသူသူများကို ကာကွယ်ရေးအဆင့် ပိုမိုမြှင့်တင်ထားသည့် အထူးမဲရုံများသို့ လွှဲပြောင်းမဲပေးစေခဲ့သည်။

- မဲဆန္ဒရှင်များသည် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၁မီတာ ခွာ၍ လုံခြုံသည့်အကွာအဝေးဖြစ်စေရန် ထိန်းသိမ်းပြုမူရမည်။ မဲဆန္ဒရှင်များ ထိုသို့ခပ်လှမ်းလှမ်းနေကြသည့်အကွာအဝေးကို တိတိကျကျ လုပ်ဆောင်နိုင်ရေး အထောက်အကူဖြစ်စေရန် မဲရုံပရဝုဏ်တစ်လျှောက် စနစ်ကျသည့် သင်္ကေတများနှင့် အမှတ်အသားများကို ပြုလုပ်ပေးခဲ့သည်။
- မဲဆန္ဒရှင်များသည် ၎င်းတို့၏ မှတ်ပုံတင်ကတ်များကို အဆင်သင့် စစ်ဆေးခံနိုင်ရန် လုပ်ဆောင်ထားစေကာ လက်များကိုဆေးကြောသန့်စင်ပြီး ထားရှိပေးထားသည့် ပလတ်စတစ်လက်အိတ်များကို ဝတ်ဆင်ရသည်။
- မဲရုံအတွင်းသို့ မဲပေးရန်ဝင်ရောက်ခွင့်ရပြီးသည်နှင့် မဲဆန္ဒရှင်သည် စစ်ဆေးသည့်နေရာတွင် ၎င်းတို့၏မှတ်ပုံတင်နှင့် တိုက်ဆိုင်စစ်ဆေးမှုခံယူရန် တပ်ဆင်ထားသော နှာခေါင်းစည်း (mask) ကို ခဏမျှ ဆွဲချပြရသည် သို့မဟုတ် ချွတ်ပြရသည်။
- မဲဆန္ဒရှင်သည် နှာခေါင်းစည်း (mask) ကိုပြန်လည်တပ်ဆင်ပြီး ဝတ်ထားသည့်လက်အိတ်များဖြင့်ပင် မဲလက်မှတ်များကို လက်ခံရယူဆောင်ရွက်ကာ မဲပေးရသည်။
- နောက်ဆုံး၌ မဲရုံမှထွက်ခွာသည့်အခါ ထွက်ပေါက်နားတွင်ထားရှိသည့် အမှိုက်ပုံးထဲသို့ လက်အိတ်များကိုချွတ်ပစ်ရသည်။

ဤသို့ အစမှအဆုံးတိုင် လုပ်ဆောင်ခဲ့ရသည့် အလွန်အရေးပါသောအစီအမံတစ်ခုမှာ မဲဆန္ဒရှင်များအတွက် လမ်းညွှန်တစ်ခုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းလမ်းညွှန်တွင် မဲပေးသည့်အဆင့်တစ်ဆင့်ချင်းစီ၌ မဲဆန္ဒရှင်များ လိုက်နာရန်လိုအပ်သည့် အသေးစိတ်ညွှန်ကြားချက်များနှင့် စီစဉ်ထားသည့်လုပ်ငန်းများ၊ လုံခြုံရေးအစီအမံများနှင့် ကြိုတင်ကာကွယ်ခြင်းများ ပါဝင်သည်။ နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင် (NEC)သည် လမ်းညွှန်စာအုပ်ကို ဖြစ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ရန် အားထုတ်မှုများကို ထင်ထင်ရှားရှားပင် လုပ်ဆောင်ခဲ့သည်။

မဲရုံတာဝန်ရှိ ဝန်ထမ်းများသည် ရှင်းလင်း၍ တင်းကျပ်သည့် ညွှန်ကြားချက်များကို လိုက်နာရသည်။ ညွှန်ကြားချက်များတွင် နှာခေါင်းစည်း (mask)နှင့် ပလတ်စတစ်လက်အိတ်ဝတ်ရန်၊ တင်းကျပ်သည့် တကိုယ်ရည်သန့်ရှင်းရေးစည်းကမ်းများကို လိုက်နာရန်၊ ရွေးကောက်ပွဲ အကြိုနေ့များတွင် မဲရုံအား သန့်စင်ပြီး မဲရုံပရဝုဏ်အတွင်းသို့ မဲပေးမှုမစတင်ခင် မည်သူ့ကိုမျှ ဝင်ရောက်ခွင့်မပြုရန်၊ မဲရုံအတွင်းခန်းများ၊ မဲပေးရာတွင် အသုံးပြုသည့်တံဆိပ်တုံးများနှင့် ရွေးကောက်ပွဲအထောက်အကူပြုပစ္စည်းများကို ပိုးမှန်ပိုးသတ်ပေးရန်နှင့် မဲရုံပရဝုဏ်အတွင်း လေဝင်လေထွက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။

ရဲအရာရှိများ၊ မီဒီယာများမှ သတင်းထောက်များနှင့် ရွေးကောက်ပွဲလေ့လာသူများအတွက် လုံခြုံရေး အစီအမံများကိုလည်း မဲဆန္ဒရှင်များနှင့် အလားတူပင် ဆောင်ရွက်ပေးခဲ့သည်။ ဆိုးလ်မြို့နှင့် ဒယ်ဂူးမြို့ရှိ COVID-19 လူနာ ၃,၀၀၀ ကျော်နှင့် ကျန်းမာရေးဝန်ထမ်း ၁,၀၀၀ နီးပါးတို့အတွက် အထူးမဲရုံများတွင် စီမံဆောင်ရွက်ကြသည့် မဲရုံဝန်ထမ်းများသည် ကူးစက်နိုင်ခြေမြင့်မားမှုကို ကာကွယ်ရန် ကိုယ်လုံးပြည့်အကာအကွယ်ဝတ်စုံ၊ မျက်နှာအကာ၊ နှာခေါင်းစည်း (mask)နှင့် ပလတ်စတစ်လက်အိတ်တို့ ကဲ့သို့သော ကာကွယ်ရေးပစ္စည်းများကို ဝတ်ဆင်ရသည်။ နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်သည် ချမှတ်ခဲ့သည့် အထူးအစီအမံများကို အကောင်အထည်ဖော်ရာတွင် နောက်ထပ်မဲရုံဝန်ထမ်းအင်အား ၂၀,၀၀၀ အသုံးပြုရန် လိုအပ်ကြောင်း အတည်ပြုခဲ့သည်။

နောက်ဆုံးအချိန်ရောက်မှ မိတ်ဆက်ခဲ့သည့် အထူးအစီအမံများလည်းရှိသည်။ ရောဂါမကူးစက်စေရန်ခွဲထားခြင်း (quarantine)ကို မိမိတို့နေအိမ်တွင်သာ ပြုလုပ်ရသူများအား တရားဝင်သတ်မှတ်ထားသည့် မဲရုံပိတ်ချိန်ပြီးနောက် နေအိမ်တိုက်ခန်းမှ မဲပေးရန် မဲရုံများသို့ သွားလာခွင့်ပြုခဲ့သည်။ အခြားမဲဆန္ဒရှင်များမှာမူ မဲရုံပိတ်ပြီးနောက် မဲပေးခွင့်မရှိပါ။

နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်သည် မဲပေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် အစီအမံများကို မိတ်ဆက်ခြင်းအပြင် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ ကြိုတင်မဲပေးရေးလုပ်ငန်း (Out-of-Country Voting) အတွက် ထိရောက်တင်းကျပ်သည့် အစီအမံများ ချမှတ်ရန်လည်း မဖြစ်မနေလုပ်ဆောင်ခဲ့ရသည်။ COVID-19 ရောဂါ ပျံ့နှံ့မှုမြင့်မားသည့် နိုင်ငံများတွင် တောင်ကိုရီးယားနိုင်ငံသား မဲဆန္ဒရှင်များ၏ လုံခြုံရေးအပေါ်စိုးရိမ်မှုများနှင့် အိမ်ရှင်အစိုးရများက ချမှတ်ထားသည့် အပြင်မထွက်ရအမိန့်များ (lockdowns)နှင့် အသွားအလာထိန်းချုပ်ထားသော အခြားတင်းကျပ်သည့် ကန့်သတ်ချက်များကြောင့် အပြင်ထွက်၍ မဲပေးနိုင်မှုမရှိခြင်းတို့သည် နိုင်ငံပေါင်း ၅၅ နိုင်ငံခန့်တွင် ပြုလုပ်ရန်စီစဉ်ထားသော နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ ကြိုတင်မဲပေးရေးလုပ်ငန်းများကို ရပ်ဆိုင်းရန် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်အား တွန်းပို့ခဲ့သည်။ အချို့သံတမန်အဖွဲ့များသည်လည်း ၎င်းတို့၏ မဲပေးသည့်ကာလကို လျှော့ချရန် တိုက်တွန်းခဲ့ကြသည်။

## ပြည်သူလူထုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်များနှင့် ထိတွေ့မှုရှိရန် ၎င်းပိုင်ဆိုင်သည့် ရုပ်သံလိုင်းမှ သတင်းစကားပါးခြင်းများ (NEC eTV)၊ နိုင်ငံတော်ပိုင်ရုပ်သံလိုင်းတွင် မဲပေးခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်ကြော်ငြာများ မကြာခဏ ထည့်သွင်းခြင်း၊ နိုင်ငံအနှံ့ ပိုစတာများနှင့် စာတန်းများကပ်ခြင်းနှင့် ရွေးကောက်ပွဲနေ့မတိုင်မီ မဲပေးခြင်းနှင့်ရွေးကောက်ပွဲနေ့မဲပေးခြင်းတို့ ပြုလုပ်နေစဉ် မဲရုံများအတွင်းတွင် လမ်းညွှန်စာအုပ်အပိုများ ခင်းကျင်းပြသထားခြင်းတို့ကဲ့သို့ အမျိုးမျိုးသော ဆက်သွယ်ရေးနည်းလမ်းများကို အသုံးပြုခဲ့သည်။

## မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ခြင်း

နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်မှ ချမှတ်ခဲ့သည့် တင်းကျပ်သော လုံခြုံရေးအစီအမံများနှင့် ကြိုတင်ကာကွယ်ရေးများသည် အများပြည်သူကျန်းမာရေးကို စောင့်ရှောက်ရန်ရည်ရွယ်သည်ဟု ထင်ရှားသော်လည်း မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းများတွင် ပါဝင်ခွင့်ရရှိရေးနှင့် ပွင့်လင်းမြင်သာမှုအဆင့်အတန်းကို မလွဲမသွေပင် သက်ရောက်မှုရှိခဲ့သည်။ ချမှတ်ခဲ့သည့် ကြိုတင်ကာကွယ်ခြင်းများကို ယုတ်လျော့မှုမရှိစေဘဲ အဆိုပါလိုအပ်ချက်ကို တုံ့ပြန်ဆောင်ရွက်ရာတွင် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်သည် နှစ်ရက်ကြာပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲနေ့မတိုင်မီမဲပေးသည့်အချိန်နှင့် ရွေးကောက်ပွဲနေ့မဲပေးသည့်အချိန်တို့တွင် ၎င်းပိုင် eTV ရုပ်သံလိုင်းနှင့် နိုင်ငံတော်ပိုင် ရုပ်သံလိုင်းများ၌ မဲရုံအစီအစဉ်များကို ပုံမှန်ကြားဖြတ်ထည့်သွင်းကာ တိုက်ရိုက်ထုတ်လွှင့်ခြင်းဖြင့် အားကိုးဆောင်ရွက်ခဲ့သည်။

တိုက်ရိုက်ရိုက်ကူးသူများသည် နိုင်ငံအနှံ့နှင့် ကမ္ဘာတလွှားမှ ကြည့်ရှုသူများအားလုံးကို ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်အမျိုးမျိုးကို မိမိတို့နေအိမ်မှကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည်။ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်အမျိုးမျိုးမှာ မဲပေးနိုင်ရန် ပြင်ဆင်ခြင်းနှင့် စတင်မဲပေးခြင်း၊ ဆက်လက်မဲပေးကြခြင်း၊ မဲရုံပိတ်ခြင်းနှင့် မဲလက်မှတ်များ လွှဲပြောင်းခြင်းနှင့် သိမ်းဆည်းခြင်း၊ မဲရေတွက်ရန်ပြင်ဆင်ခြင်းနှင့် စတင်ရေတွက်ခြင်း၊ မဲရေတွက်မှု ဆက်လက်လုပ်ဆောင်ခြင်းနှင့် မဲရေတွက်မှုပြီးဆုံးခြင်းတို့ ပါဝင်သည်။

လူတစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိစေရန် ကန့်သတ်သည့် ကြိုတင်ကာကွယ်ရေးအစီအမံနောက်တစ်ခုအဖြစ် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်သည် ဖြတ်သွားဖြတ်လာမဲပေးခြင်းကိုလည်း မိတ်ဆက်ရန် ထည့်သွင်းစဉ်းစားခဲ့သည်။ ဖြတ်သွားဖြတ်လာမဲပေးခြင်းပြုလုပ်ရာတွင် မဲပေးမည့်သူများသည် အထူးမဲရုံများတွင် တန်းစီနေရာယူ၍ မဲပေးကြရမည်ဖြစ်ပြီး ၎င်းတို့စီးနင်းလာသည့်ယာဉ်ပေါ်တွင်သာ နေကြရမည်။ သို့သော်လည်း ရွေးကောက်ပွဲများ ကျင်းပမည့်ရက် နီးကပ်လာသောကြောင့် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်သည် ဤနည်းလမ်းဖြင့် မဲပေးရန်နည်းလမ်းကို မိတ်ဆက်ရန် နောက်ကျသွားသဖြင့် ချန်လှပ်ထားခဲ့ရသည်။

## မဲဆွယ်စည်းရုံးရေးလုပ်ငန်းအတွက် ဖော်ဆောင်ပေးခြင်း

COVID-19 ရောဂါ ပျံ့နှံ့မှုသည် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အစဉ်အလာအားဖြင့် အသုံးပြုခဲ့သည့် မဲဆွယ်စည်းရုံးရေးပြုလုပ်ရန်နည်းလမ်းများအပေါ် ကြီးကြီးမားမား ထိခိုက်မှုရှိစေခဲ့သည်။ အင်အားပြချီတက်ပွဲများ၊ ပြည်သူလူထုထံ မိန့်ခွန်းပြောကြားခြင်းများ၊ အုပ်စုကြီးမားသည့် မဲဆန္ဒရှင်များအတွက် ရန်ပုံငွေရှာဖွေရေး စကားစစ်ထိုးပွဲများ၊ သို့မဟုတ် တစ်အိမ်တက် တစ်အိမ်ဆင်း မဲဆွယ်ခြင်းများသည် လူကိုယ်တိုင်မဲဆွယ်ရသည့်နည်းလမ်းများဖြစ်ပြီး အသစ်စက်စက် COVID-19 ရောဂါကြောင့် လက်တွေ့အခြေအနေတွင် တားမြစ်မိန့်ထုတ်ပြန်ထားသည့် နည်းလမ်းအစီအစဉ်များဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် တစ်နိုင်ငံလုံးအပြင်မထွက်ရအမိန့် (lockdown) ချမှတ်မထားသော်လည်း အခမ်းအနားများကျင်းပခြင်းနှင့်

လူထုစုဝေးပွဲများတက်ရောက်ခြင်းတို့အား တားမြစ်ခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး ခပ်လှမ်းလှမ်းနေရန်နှင့် ထိတွေ့မှုမရှိစေရန်လိုအပ်ခြင်းတို့သည် ရွေးကောက်ပွဲများ ကျင်းပသည့်အချိန်ထိ နေရာယူထားခဲ့သည်။ အဆိုပါတားမြစ်ချက်များသည် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲဆန္ဒရှင်များရှေ့မှောက်သို့ ရောက်ရှိနိုင်သည့် အခြားမဲဆွယ်စည်းရုံးရေးနည်းလမ်းများကို မဖြစ်မနေသုံးစွဲစေခဲ့သည်။

ရှောင်လွှဲ၍မရသည့်အချက်မှာ ယခင်ရွေးကောက်ပွဲနှင့်ယှဉ်ပါက ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအောင်နိုင်ရေး မဲဆွယ်ခြင်းအစီအစဉ်များသည် အလွန်ပင်သိုသိုသိပ်သိပ်နှင့် ပြီးဆုံးခဲ့သည်။ မဲဆန္ဒရှင်များရှေ့မှောက်သို့ ရောက်ရှိရန် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ အစဉ်အလာမဲဆွယ်နည်းလမ်းအစား လူမှုကွန်ယက်မီဒီယာများမှတဆင့် ဗီဒီယိုဖြင့်သတင်းစကားပါးခြင်း၊ စာတိုပေးပို့ခြင်း (SMS)နှင့် မိုဘိုင်းဖုန်းအပလီကေးရှင်း (mobile phone apps) တို့ကို အဓိကထားသည့် အွန်လိုင်းနှင့် ဒီဂျစ်တယ်နည်းပညာသို့ ကူးပြောင်းခဲ့ရသည်။ ကိုယ်စားလှယ်လောင်းအချို့သည် ပိုမိုရှေ့ရောက်နိုင်သမျှ ဆန်းသစ်သည့်နည်းပညာများ အသုံးပြုခဲ့ကြသည်။ Augmented Reality (AR) နည်းပညာ[6]ကို ငွေးရမ်းအသုံးပြုကာ မိမိတို့အား ထောက်ခံသူများထံ လုံးဝနီးပါး အိမ်တိုင်ယာရောက်ကဲ့သို့ပင် အပြန်အလှန်ပြောဆိုလုပ်ဆောင်ခဲ့ကြသည်။ အခြားကိုယ်စားလှယ်လောင်းများသည် ၎င်းတို့မဲဆန္ဒနယ်အတွင်းရှိ အိမ်နီးနားပတ်ဝန်းကျင်တွင် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် လမ်းများအတွင်းပိုးသတ်ခြင်းတို့ ကဲ့သို့သော COVID–19 နှင့် ဆက်စပ်သည့် အလုပ်များတွင် လုပ်အားပေး (volunteer) ပြုလုပ်ခဲ့ကြသည်။ အခြား အခြားသောသူများမှာ ပို၍ပင်အစဉ်အလာအတိုင်း မဲဆွယ်စည်းရုံးရေးအထောက်အကူပြုပစ္စည်းများနှင့် ၎င်းတို့အား ရွေးချယ်ခဲ့ပါက ဆောင်ရွက်ပေးမည့်အချက်များအကြောင်း သတင်းအချက်အလက်များကို ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်စာအုပ်ငယ်များ ရိုက်နှိပ်၍ နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စုများထံ ဖြန့်ဝေခဲ့ကြသည်။

## ကိုရီးယားသမ္မတနိုင်ငံ ရွေးကောက်ပွဲများစီမံခန့်ခွဲမှုမှ ရရှိလာသည့် သင်ခန်းစာများ

မဲရုံများပိတ်ပြီးသည့်နောက်တွင်၂၀၂၀ နိုင်ငံလုံးဆိုင်ရာဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများ၏ ကနဦးအောင်မြင်မှု (၂) ခုကို သိသာထင်ရှားစွာတွေ့မြင်ခဲ့ရပါသည်။ COVID-19 ကူးစက်ရောဂါ ကူးစက်နိုင်ခြေ ပြင်းထန်နေသော်လည်း နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့၏ ဟာကွက်မရှိစီမံခန့်ခွဲမှုနှင့် မဲဆန္ဒရှင်များ၏ ပါဝင်မှုအဆင့် (Participation Level) တို့သည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တင်းကြပ်သောအကာအကွယ် အစီအမံများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း အစောပိုင်းကာလဝိသေသလက္ခဏာများအဖြစ် ဖော်ဆောင်ပေးခဲ့သည်။

---

[6] AR နည်းပညာကို အသုံးပြုသည့် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ဒီဂျစ်တယ်နည်းပညာဖြင့် မိုဘိုင်းဖုန်းအပလီကေးရှင်းနှင့် ဖုန်းကင်မရာများမှတဆင့် ၎င်း၏ကတိကဝတ်များအား ထောက်ခံကြသူများကို အားပေးလက်ခံကြောင်း ပြသနိုင်စေသည်။ အခြားသော ကိုယ်စားလှယ်လောင်းများသည် AR နည်းပညာမိုဘိုင်းဆားဗစ်ကို အသုံးပြု၍ သုံးဖက်မြင်ပုံရိပ် (3D) ဖြင့် ပါတီကိုယ်စားလှယ်တစ်ဦး ဖန်တီးကာ မဲဆန္ဒရှင်များနှင့် တွေ့ဆုံစေ၍ အပြန်အလှန်ဆွေးနွေးစေခဲ့သည်။ AR နည်းပညာကြောင့် အသုံးပြုသူများ ရိုက်ကူးလိုက်သည့် ဓာတ်ပုံများနှင့် ဗီဒီယိုများတွင် အဆိုပါ ကိုယ်စားလှယ်၏ပုံရိပ် ပေါ်ထွက်လာကာ၊ အဆိုပါဓာတ်ပုံနှင့် ဗီဒီယိုများကို အခြားသော အားပေးထောက်ခံသူများထံသို့ ပြန်လည်ဝေမျှနိုင်သည်။

## ပူးပေါင်းပါဝင်သည့် ရွေးကောက်ပွဲများ

ကြိုတင်မဲ(advance vote) ပေးပိုင်ခွင့်ရှိသူ၏ ၄ ပုံ ၁ ပုံကျော်နှင့် ရွေးကောက်ပွဲနေ့မတိုင်မီမဲပေးခြင်း (early voting) ပြဋ္ဌာန်းချက်များသည် ရွေးကောက်ပွဲနေ့တွင် မဲရုံများတွင် လူထူထပ်နိုင်မည့် မဲဆန္ဒရှင်အရေအတွက်အား လျှော့ချနိုင်ခဲ့ပါသည်။ ရွေးကောက်ပွဲနေ့မတိုင်မီမဲပေးခြင်း (early voting) သည် မဲပေးသူအရေအတွက် ၂၆.၇ ရာခိုင်နှုန်း (မဲဆန္ဒရှင် ၁၂ သန်းခန့် လျှို့ဝှက်မဲပေးစနစ်ကို အသုံးပြု၍ ကြိုတင်မဲပေးခြင်းနည်းလမ်းအား အသုံးပြုခဲ့ကြောင်း နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုခဲ့သည်) ဖြင့် ဧပြီလ (၁၁) ရက်နေ့ တွင် ပြီးဆုံးခဲ့သည်။ ရွေးကောက်ပွဲနေ့မတိုင်မီမဲပေးခြင်း (early voting) မှာ ပြီးခဲ့သည့် ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက တစ်ဟုန်ထိုး များပြားလာခဲ့ပါသည်။[7] မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့ မတိုင်မီမဲပေးခြင်း (early voting) သည် ရွေးကောက်ပွဲနေ့တွင် မဲသွားရောက်ပေးခြင်းထက် ပိုမိုလုံခြုံစိတ်ချရသည်ဟု ယုံကြည်ခဲ့ကြသည့်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီမဲပေးခြင်း မှတ်တမ်းတလျှောက်တွင် အမြင့်မားဆုံးဖြစ်ခဲ့သည်။

Covid-19 ကူးစက်ရောဂါကြောင့် ဆေးရုံတက်နေကြသည့် လူနာများအတွက် နေအိမ်မှ မဲပေးခြင်း (home voting) ကို တိုးမြှင့်ခြင်းသည် အရေးကြီးသောအစီအမံတစ်ခုဖြစ်ခဲ့ပါသည်။ home voting မဲပေးခြင်းမှာ ထူးထူးခြားခြား ပမာဏတိုးများလာခြင်းမရှိသော်လည်း Covid-19 ကူးစက်ရောဂါ ခံစားနေရသော မဲဆန္ဒရှင်များ၏ မဲပေးနိုင်ခွင့်ရှိခြင်းအား အာမခံချက်ပေးနိုင်ခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲများအား ဆက်လက်ကျင်းပရန် ခက်ခက်ခဲခဲ ဆုံးဖြတ်ချက်ချလျှင်ချခြင်း နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ရလဒ်အား အဓိက အငြင်းပွားနိုင်သည့် Covid-19 နှင့်ဆက်စပ်၍ ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် များပြားလှသည့် စိန်ခေါ်မှုများကို ရှာဖွေဖော်ထုတ်ခဲ့သည်။ သိသာထင်ရှားသည့် စိုးရိမ်ပူပန်မှုမှာ လူထူထပ်သည့် မဲရုံများတွင် မဲပေးခြင်းဖြင့် ကူးစက်ရောဂါဖြစ်ပွားနိုင်သည့်အတွက်ကြောင့် မဲဆန္ဒရှင်များ မဲရုံသို့လာရောက်ခြင်းမရှိခြင်း၊[8] မဲပေးသူဦးရေလျော့နည်းခြင်းနှင့် ရွေးကောက်ပွဲများအား အများယုံကြည်လက်ခံမှုကို ချိန်ထိုးခြင်းတို့ပင် ဖြစ်ခဲ့သည်။

သို့သော်၂၀၂၀ ရွေးကောက်ပွဲများအတွက် မဲပေးသူဦးရေမှာ စိုးရိမ်ပူပန်မှုနှင့်ဆန့်ကျင်ဘက်ဖြစ်ခဲ့သည်။ ဧပြီလ (၁၅) ရက်နေ့တွင် နိုင်ငံတစ်ဝှမ်းဖွင့်လှစ်ခဲ့သည့်မဲရုံ ၁၄,၃၃၀ ရုံတွင် တန်းစီ၍ မဲပေးဖို့ မိမိတို့ အလှည့်ရောက်ရန် စိတ်ရှည်စွာ စောင့်ဆိုင်းရင်း ကိုရီးယားသမ္မတနိုင်ငံ မဲဆန္ဒရှင်များသည် ယခင်မရှိခဲ့ဖူးသော လုံခြုံမှုအကာအကွယ်များဖြင့် အရေအတွက်များပြားစွာ ရွေးကောက်ပွဲကို ပါဝင်ခဲ့ကြသည်။ နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် ကနဦးရလဒ်များတွင် နိုင်ငံတစ်ဝှမ်း

---

[7] ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ၂၀ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲများတွင် early voting ရာခိုင်နှုန်းမှာ

၁၂.၁၉ ရာခိုင်နှုန်းအဖြစ် မှတ်တမ်းတင်ခဲ့သည်။

[8] မတ်လလယ်အတွင်း ကျင်းပခဲ့သည့် ပြင်သစ်နိုင်ငံ၏ မြို့တော်ဝန်ရွေးကောက်ပွဲများနှင့် မာလီနိုင်ငံ (Mali) တွင် ကျင်းပခဲ့သည့် ပါလီမန်ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များ ပါဝင်မှုသည် ဆိုးဆိုးဝါးဝါး ထိုးဆင်းသွားခဲ့သည်။

ရွေးကောက်ပွဲများတွင် ပါဝင်ခွင့်ရှိသူ ၄၄ သန်း၏ ၆၆ ရာခိုင်နှုန်း ပါဝင်ခဲ့သည်။ (၁၉၉၂ ခုနှစ်ကတည်းမှစတင်၍ အများဆုံးသော မဲပေးသူဦးရေဖြစ်သည်)[9]

မကြာမီက ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင် အသက်ကန့်သတ်ချက်အား ၁၉ နှစ်မှ ၁၈ နှစ်သို့ ပြောင်းလဲလိုက်ခြင်း) ကြောင့် မဲပေးသူဦးရေ မြင့်တက်လာခြင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ကျန်းမာရေးနှင့် အသက်ခန္ဓာအား အန္တရာယ်ပေးနိုင်ခြေရှိသော်လည်း မဲဆန္ဒရှင်များသည် ၎င်းတို့၏ မဲပေးခွင့်အား ရရှိနိုင်ရန် ဆောင်ရွက်မှု၊ စည်းရုံးလှုံ့ဆော်နိုင်မှု၊ တိုက်တွန်းနိုင်မှုတွင် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့၏ ကြိုးပမ်းအားထုတ်မှုအစွမ်းနှင့် ထူးခြားပြောင်မြောက်သည့် ရလဒ်များအဖြစ် ရွေးကောက်ပွဲများတွင် ပြည်သူလူထုပါဝင်ခြင်း ကိန်းဂဏန်းက ဖော်ပြလျက်ရှိသည်။

နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များ၏ လုံခြုံမှုကို ကာကွယ်နိုင်မည့် အစီအမံများကို ပြည်သူလူထုထံ စနစ်တကျ ကြေညာသည့်အပြင် ထိုအစီအမံများအား အဘယ်ကြောင့် ပြုလုပ်ရသည်ဟူသည့် အကြောင်းရင်းများကိုလည်း ရှင်းရှင်းလင်းလင်း တင်ပြခဲ့သည်။ ထိုကဲ့သို့ ပွင့်လင်းမြင်သာပြီး ကြိုတင်ပြင်ဆင်မှုရှိသော ချဉ်းကပ်မှုသည် မဲဆန္ဒရှင်များ မဲပေးနေစဉ်အတွင်း ရောဂါကူးစက်မှုအန္တရာယ်အနည်းဆုံး ဖြစ်စေရန် ဆောင်ရွက်နိုင်ခဲ့ရုံသာမက နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ၎င်းတို့၏မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများအား အကန့်အသတ်များကြား နိုင်နိုင်နင်းနင်း လွယ်ကူချောမွေ့စွာဆောင်ရွက် နိုင်စေခဲ့သည်။(မဲဆန္ဒရှင်များဆီသို့ ရောက်ရှိနိုင်မည့် ရွေးချယ်စရာဖြေရှင်းနည်းများကို ချမှန်ဆောင်ရွက်ရန် အချိန်ပေးခြင်းဖြင့်)

ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း မဲသွားပေးခြင်းကြောင့် ကျန်းမာရေးအား စိုးရိမ်ရသည့် အခြေအနေကြားမှ ကိုရီးယားသမ္မတနိုင်ငံ၏ မဲဆန္ဒရှင်များသည် ၎င်းတို့၏ နိုင်ငံသားတာဝန်ကို ထမ်းဆောင်ရန် ခိုင်မာသော ဆုံးဖြတ်ချက်ကို ရွေးကောက်ပွဲတွင် မဲဆန္ဒပေးမှု များပြားခြင်းဖြင့် သရုပ်ပြခဲ့ကြသည်။ ဤမကြုံစဖူးသော အခြေအနေသည် မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့၏မဲပေးရန်အခွင့်အရေးကို ပို၍ တန်ဖိုးထားတတ်စေခဲ့သည်။ ( အနည်းဆုံး Covid-19 virus ပိုးအားအနိုင်ယူရန် နည်းအဖြစ် ကိုရီးယားသမ္မတနိုင်ငံသူ/သားများက မဲပေးခဲ့ကြသည်)

ရွေးကောက်ပွဲများ ဆက်လက်ကျင်းပရန် ဆုံးဖြတ်ချက်သည် သင့်တော်မှန်ကန်မှုရှိသလော သို့မဟုတ် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင် မဲရုံဝန်ထမ်းများသည် ကူးစက်ရောဂါဖြစ်ပွားမှုအန္တရာယ်ကို မြင့်တက်စေခဲ့သလော ဟူသည့် အချက်တို့ကို ကိုရီးယားသမ္မတနိုင်ငံ မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှု ပြီးဆုံးသည်နှင့် ဆုံးဖြတ်ဖော်ပြရန် အချိန်မတန်သေးပေ။ သို့သော် သေချာသည့်အရာတစ်ခုမှာ နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်မှ ချမှတ်ထားသည့် တိကျသော ကျန်းမာရေးအကာအကွယ် အစီအမံများနှင့် ကြိုတင်ကာကွယ်ခြင်းများအား တင်းတင်းကျပ် ကျပ်ဆောင်ရွက်ခြင်းသည် မဲဆန္ဒရှင်များ၏

[9] ကိုရီးယားသမ္မတနိုင်ငံ၏ ပြီးခဲ့သည့် အမျိုးသားညီလာခံရွေးကောက်ပွဲများတွင် International IDEA အဖွဲ့၏ မဲပေးသူ ဦးရေ Database အရ ၂၀၁၆ ခုနှစ်တွင် ၅၈.၀၃ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် ၅၄.၂၆ ရာခိုင်နှုန်းနှင့် ၂၀၀၈ ခုနှစ်တွင် ၄၆.၀၁ ရာခိုင်နှုန်းတို့ ဖြစ်သည်။

စိုးရိမ်ပူပန်မှုများကို လျှော့နည်းစေခဲ့သည်။ အဆိုပါ အစီအမံများနှင့် ကြိုတင်ကာကွယ်ခြင်းများသည် ရောဂါပိုးကူးစက်မှု ဖြစ်နိုင်ချေရှိသည့်အန္တရာယ်အား ကာကွယ်ဖို့ရန်လုံလောက်ခဲ့ပါသလော သို့မဟုတ် မဲဆန္ဒရှင်အများအပြားစုရုံးမှုကြောင့် ကူးစက်ရောဂါဖြစ်ပွားမှု လှိုင်းအသစ်ကို အစပျိုးလိမ့်မည်လော ဆိုသည်ကို လာမည့်ရက်သတ္တပတ်များတွင် တွေ့မြင်ရမည် ဖြစ်သည်။

## မဲဆန္ဒနယ်ပြင်ပရောက်ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းအတွက် အကန့်အသတ်ဖြင့် ဆောင်ရွက်ခဲ့မှု

ထင်ရှားသည့် အောင်မြင်မှုများကို တွေ့ရှိရသော်လည်း ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရွေးကောက်ပွဲကျင်းပခြင်းသည် ခက်ခဲရှုပ်ထွေးမှုများနှင့် ပြင်းပြင်းထန်ထန်တင်းကျပ်ထားသည့် ကန့်သတ်ချက်များကြောင့် ရွေးကောက်ပွဲဖြစ်စဉ်၏ မရှိမဖြစ်အရေးပါသည့် အဆင့်အချို့အား ထိခိုက်စေခဲ့သည်။

ထိခိုက်မှုရှိခဲ့သည့် အဆင့်များထဲမှ တစ်ခုမှာ ဧပြီလ (၁) ရက်နေ့မှ (၆) ရက်နေ့အထိ ဆောင်ရွက်ခဲ့သည့် မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးခြင်းလုပ်ငန်းဖြစ်ခဲ့သည်။ Covid 19 ကူးစက်ရောဂါနှင့်စပ်လျဉ်းသည့် စိုးရိမ်ပူပန်မှုများနှင့် အကန့်အသတ်များကြောင့် နိုင်ငံအများစုတွင် မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးခြင်း ထောက်ပံ့ဝန်ဆောင်မှုလုပ်ငန်းများပိတ်သိမ်းမှုသည် မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးခြင်းအပေါ် ကြီးမားစွာ ထိခိုက်စေခဲ့သည်။ သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများတွင် လူကိုယ်တိုင်လာရောက် မဲပေးခွင့်ရှိသူ ပြည်ပတွင် နေထိုင်ကြသည့် ကိုရီးယားသမ္မတနိုင်ငံသားများသာ မဲပေးခဲ့ကောင်း မဲပေးခဲ့သည်။[10] ဆိုလိုသည်မှာ မဲဆန္ဒနယ် ပြင်ပရောက်ဆန္ဒမဲပေးခြင်း ဝန်ဆောင်မှုပေးသည့် နိုင်ငံများတွင် နေထိုင်ကြသည့် ပြည်ပရောက်နိုင်ငံသားများ အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ပိတ်သိမ်းသည့်အတွက် မဲပေးနိုင်ခဲ့ခြင်းမရှိပေ။ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးခြင်း ဝန်ဆောင်မှုလုပ်ငန်း ၅၅ ခုကို ပိတ်သိမ်း လိုက်သည့်အတွက် နိုင်ငံရပ်ခြားတွင် မဲပေးရန် စာရင်းသွင်းထားသည့် မဲဆန္ဒရှင် စုစုပေါင်း ၁၇၁,၂၀၀၀ ယောက်၏ ၅၁ ရာခိုင်နှုန်းခန့် ဖြစ်သည့် မဲဆန္ဒရှင် စုစုပေါင်း ၈၇,၀၀၀ ယောက်ကို ထိခိုက်စေခဲ့သည်ဟု နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်က အကြမ်းဖျင်းခန့်မှန်းခဲ့သည်။ မဲဆန္ဒနယ်ပြင်ပရောက်ဆန္ဒမဲပေးခြင်း ပြီးဆုံးသွားသည့်အခါ ပြည်ပရောက် မဲဆန္ဒရှင်စုစုပေါင်း ၄၁,၀၀၀ ယောက်သာ ၎င်းတို့လက်ရှိ နေထိုင်သည့်နိုင်ငံတွင် မဲပေးခဲ့သည်ဟု နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်က အစီရင်ခံတင်ပြခဲ့သည်။ နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့တွင် အကောင်းဆုံးသော ရည်ရွယ်ချက်များ ရှိစေကာမူ မလွှဲမရှောင်သာဆိုးကျိုးဖြစ်စေသည့်ဆောင်ရွက်ချက်များကိုလည်း ချမှတ်ခဲ့ရသည်။

[10] ကိုရီးယားသမ္မတနိုင်ငံတွင် မဲဆန္ဒနယ်ပြင်ပဆန္ဒမဲပေးခြင်းအတွက် mail voting' စနစ်အား အစားထိုး ဆောင်ရွက်ခဲ့ခြင်းမရှိပေ။

၂၀၂၀ ရွေးကောက်ပွဲများအတွက် မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးမှု ရာခိုင်နှုန်းသည် ၂၃.၈ ရာခိုင်နှုန်းဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးခြင်းစနစ်ကို စတင်မိတ်ဆက်ခဲ့သည့်အချိန်မှစ၍ အနိမ့်ဆုံးရာခိုင်နှုန်းအဖြစ် မှတ်တမ်းတင်ခဲ့သည်။[11]

ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ထိခိုက်မှုရှိခဲ့သည့် လုပ်ငန်းစဉ်တစ်ခုမှာ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းပင် ဖြစ်သည်။ အကန့်အသတ်များဖြင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းကို ပြုလုပ်ရသည့်အတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများနှင့် ၎င်းတို့ပါတီထောက်ခံသူများနှင့် အပြန်အလှန်ဆက်သွယ်ခြင်းများကို ပြီးခဲ့သည့်ရွေးကောက်ပွဲများထက် များစွာလျှော့ချဆောင်ရွက်ခဲ့ရသည်။ ထိုကဲ့သို့ အကန့်အသတ်များဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ ကျန်းမာရေးကိုကာကွယ်ရန် တင်းကျပ်သည့် အစီအမံများကို လက်ခံခဲ့ကြသည်။ အကန့်အသတ်များသည် ရွေးကောက်ပွဲများတွင် သမရိုးကျ မဲဆွယ်စည်းရုံးခြင်းနည်းလမ်းများကို အသုံးပြုရန် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ စွမ်းဆောင်ရည်ကို ထိခိုက်စေခဲ့သည်။

## ကိုရီးယားသမ္မတနိုင်ငံ ရွေးကောက်ပွဲများမှ အတွေ့အကြုံများကို အခြားအခြေအနေများတွင် မည်သို့ချမှတ်အသုံးချနိုင်မည်နည်း။

ကမ္ဘာတစ်ဝှမ်း Covid-19 ကူးစက်ရောဂါ ပြင်းထန်နေမှုနှင့် ထိုကူးစက်ရောဂါ ပြီးဆုံးမည့်အချိန်ကို ခန့်မှန်းနိုင်ခြင်းမရှိသည့်အခြေအနေတွင် နိုင်ငံများ၊ တိုင်းပြည်အသီးသီးနှင့် နယ်မြေဒေသများစွာ၌ သတ်မှတ်ထားပြီး ဖြစ်သည့်ရက်တွင် ရွေးကောက်ပွဲကို ဆက်လက်ကျင်းပရန်သင့်မသင့် ဆုံးဖြတ်ချက်ချခြင်းနှင့် လုံခြုံသည့် မဲပေးခြင်း ပတ်ဝန်းကျင်အား အာမခံချက်ပေးနိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်ရမည်စသည်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ ရင်ဆိုင်ခဲ့ရသည့် အကျဉ်းအကျပ်မျိုးရင်ဆိုင်လျက်ရှိသည်။ ကိုရီးယားသမ္မတနိုင်ငံ၏ ထူးခြားသည့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအတွေ့အကြုံကို အခြေခံ၍ မည်သို့လမ်းညွှန်ချက်များကို ချမှတ်နိုင်မည်နည်း။ ထိုလမ်းညွှန်ချက်သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကွဲပြားသည့် သမိုင်းကြောင်း၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ အခြေခံအဆောက်အဦ၊ စီးပွားရေးအနေအထားများပေါ်မူတည်၍ မည်မျှဖြစ်နိုင်ချေရှိသနည်း။ ကိုရီးယားသမ္မတနိုင်ငံဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်သည် အခက်အခဲအများအပြားကြားမှ နိုင်ငံလုံးဆိုင်ရာ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲများ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပေသည်။ သို့သော် ကိုရီးယားသမ္မတနိုင်ငံအတွေ့အကြုံသည် အခြားနိုင်ငံများနှင့် သဘောသဘာဝချင်း မတူညီသည့်အတွက် လွယ်ကူအောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းရှိလိမ့်မည်မဟုတ်ပေ။

---

[11] ၂၀၁၇ ခုနှစ် သမ္မတရွေးကောက်ပွဲများတွင် မဲဆန္ဒနယ်ပြင်ပရောက်ဆန္ဒမဲပေးခြင်းမှာ ၇၅.၃ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ် ဗဟိုအဆင့် ရွေးကောက်ပွဲများတွင် ၄၁.၄ ရာခိုင်နှုန်းနှင့် ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲများတွင် ၇၁.၁ ရာခိုင်နှုန်းတို့ဖြစ်ကြသည်။

ရွေးကောက်ပွဲများ လုံခြုံစွာ ကျင်းပဆောင်ရွက်နိုင်စွမ်းသည် အခြေခံမရှိမဖြစ်လိုအပ်သည့်လိုအပ်ချက်များနှင့် အခြားအကြောင်းအရာအခြေအနေများပေါ်တွင် များစွာမူတည်နေသည်။

## COVID-19 ကူးစက်ရောဂါထိန်းချုပ်ရန် ထိရောက်သည့် စွမ်းဆောင်ရည်

ကနဦးထည့်သွင်းစဉ်းစားရမည့်အချက်တစ်ခုမှာ နိုင်ငံတိုင်းတွင်COVID-19 ကူးစက်ရောဂါဖြစ်မှုကို ထိန်းချုပ်ခြင်းတွင် မတူညီကွဲပြားသော စွမ်းဆောင်ရည်များ၊ အခြေခံအဆောက်အဦများ၊ ဆောင်ရွက် ချက်များ၊ ချဉ်းကပ်ပုံချဉ်းကပ်နည်းများ ရှိကြသည်။ နိုင်ငံတစ်နိုင်ငံချင်းစီ၌ မတူညီသော ကူးစက်ရောဂါအဆင့်များတွင် မတူညီသောထိန်းချုပ်မှုပုံစံဖြင့် ဆောင်ရွက်လျက် ရှိကြသည်။ လက်ရှိတာဝန်ယူထားသော ကိုရီးယားသမ္မတနိုင်ငံအစိုးရက ကနဦးပိုင်းကူးစက်ရောဂါထိန်းချုပ်မှုတွင် နှေးကွေးခဲ့သော်လည်း ကူးစက်ရောဂါအလွန်အကျွံဖြစ်လာသည့် အခြေအနေနှင့် ကူးစက်မှုအသစ်မဖြစ်ပေါ်စေရေးတို့တွင် မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ရှိသည်ဟု ကမ္ဘာတစ်ဝှမ်းက ဖော်ပြကြသည်။ ပြည်သူ/ပြည်သားများ၏ သွားလာလှုပ်ရှားမှုအပေါ် ကန့်သတ်ခြင်းနှင့် lockdown ပြုလုပ်ခြင်းတို့မရှိဘဲ ရွေးကောက်ပွဲမတိုင်ခင် ကူးစက်ရောဂါအား ထိန်းချုပ်နိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့သည်။

ထို့ကြောင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရွေးကောက်ပွဲများဆက်လက်ကျင်းပရန် ဆုံးဖြတ်ခြင်းအတွက် မြေကြီးလက်ခတ်မလွဲလိုအပ်ချက်တစ်ခုမှာ ကူးစက်ရောဂါ၏အဆင့်သည် ထိန်းချုပ်နိုင်သည့်အဆင့်ဖြစ်ရန် လိုအပ်လိမ့်မည်။ အနည်းဆုံးတော့ ရွေးကောက်ပွဲကျင်းပသည့်အချိန်တွင် ထိန်းချုပ်နိုင်သည့်အဆင့်သို့ရောက်ရှိနိုင်မည့် အနေအထားရှိရမည်။ အမှန်တကယ်တော့ ပြည်သူ/ ပြည်သား များ၏ သွားလာလှုပ်ရှားမှုအပေါ် တားမြစ်ပိတ်ပင်ခြင်း၊ တစ်စိတ်တစ်ပိုင်း (သို့) လုံးဝ lockdown ချမှတ်ထားသည့် ကာလအတွင်း အဝေးမှမဲပေးခြင်းနည်းစနည်းများ (remote voting methods) တစ်ခုသာသုံးပြီး မဲပေးခြင်းကို ဆောင်ရွက်ပါက အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်နိုင်မည် မဟုတ်ပေ။ ကိုရီးယားသမ္မတနိုင်ငံ၏ ဖြစ်စဉ်တွင် အစိုးရက ကူးစက်ရောဂါအလွန်အကျွံဖြစ်မှုကိုထိန်းချုပ်နိုင်ရန် စွမ်းဆောင်ရည်ရှိခဲ့သည်။ နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်မည့် လုံခြုံရေးအစီအမံများကို ကူညီထောက်ပံ့နိုင်ခဲ့သည်။ မဲဆန္ဒရှင်များ အတွက် လုံခြုံစိတ်ချရသည့် မဲပေးခြင်းရပ်ဝန်းတစ်ခုအား ဖန်တီးပေးနိုင်ခဲ့သည်။

## ခိုင်မာသော ရွေးကောက်ပွဲဆိုင်ရာမူဘောင်

အမျိုးသားရွေးကောက်ပွဲကော်မရှင်မှ လုပ်ဆောင်ခဲ့သည့် တုန့်ပြန်ဆောင်ရွက်မှုများနှင့် မဲပေးနေစဉ်အတွင်း ပြည်သူ့ကျန်းမာရေးအန္တရာယ်အနည်းဆုံးဖြစ်စေရန် ချမှတ်ခဲ့သည့် ထူးခြားသော ကြိုတင်ကာကွယ်မှုများနှင့် အကာအကွယ်ပေးသည့် အစီအမံများသည် အခြားနိုင်ငံ (သို့) ကိုရီးယားသမ္မတနိုင်ငံတွင် ယခင်ရွေးကောက်ပွဲများတွင် မရှိခဲ့ဖူးသည့်အရာများဖြစ်ခဲ့သည်။ ထိုကဲ့သို့အစီအမံများကို အချိန်မီအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ မူဘောင်တွင်ပြဋ္ဌာန်းထားသည့် မဲဆန္ဒရှင်များအားလုံးပါဝင်နိုင်ရေးဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းလုပ်ငန်းများတွင်

ပါဝင်ခြင်းမရှိလှပေ။ မဲရုံများသို့ လာရောက်နိုင်ခြင်းမရှိသူများနှင့် ကြိုတင်မဲပေးခြင်းလုပ်ထုံးလုပ်နည်းများ - လူကိုယ်တိုင်လာရောက်မဲပေးခြင်း နှင့် အဝေးမှနေ၍ မဲပေးခြင်း (remote voting)များကို COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်ကာလတွင် ဆောင်ရွက်ရပေသည်။ ဆိုလိုသည်မှာ ကူးစက်ရောဂါကြောင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် အစီအမံများကို မြန်မြန်ဆန်ဆန် သင့်လျော်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ လူထုထပ်မှုလျော့ချရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီမဲပေးခြင်း early voting အစီအစဉ်များကို ကြိုတင်စာရင်းပေးသွင်းထားခြင်းမရှိဘဲ နိုင်ငံအတွင်းရှိ မည်သည့်မဲရုံတွင်မဆို လူကိုယ်တိုင်လျှို့ဝှက်စနစ်ဖြင့်မဲပေးနိုင်ရန်ခွင့်ပြုခဲ့သည်။ အားနည်းချက်ရှိသည့်မဲဆန္ဒရှင်များ (vulnerable voters) များကို စာပို့စနစ်(mail)ဖြင့် ကြိုတင်မဲ (advance voting) ပေးခြင်းကို ခွင့်ပြုခဲ့သည်။ နိုင်ငံရပ်ခြားတွင် နေထိုင်ကြသည့် မဲဆန္ဒရှင်များအတွက် ကန့်သတ်ချက်များရှိခဲ့သော်လည်း မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးခြင်းအား ခွင့်ပြုခဲ့သည်။ ထို့အပြင် ကိုရီးယားသမ္မတနိုင်ငံ၏ ဥပဒေမူဘောင်တွင် အထက်ဖော်ပြပါခွင့်ပြုမှုများအား ခွင့်ပြုနိုင်ရန် ပါရှိထားပြီးဖြစ်ရုံသာမက ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့၏ အတွေ့အကြုံပြည့်ဝမှု၊ အားကောင်းသည့် အုပ်ချုပ်မှုစွမ်းရည်၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ပြည့်ဝမှုတို့ကြောင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော် နိုင်ငံတော်တော်များများ၊ နယ်မြေတော်တော်များများတွင် မဲရုံများသို့ လာရောက်နိုင်ခြင်းမရှိသူများအတွက် သို့မဟုတ် ရွေးကောက်ပွဲနေ့မတိုင်မီမဲပေးခြင်း early voting ပေးခြင်းနှင့် ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ လူကိုယ်တိုင်လာရောက်မဲပေးခြင်းအတွက် ဖြစ်နိုင်ချေရှိသည့် အစီအမံများ ဆောင်ရွက်ရန် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။[12] ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း သတ်မှတ်ရက်အတိုင်း ရွေးကောက်များအား ဆက်လက်ကျင်းပရန် ဆုံးဖြတ်ပါက အဆိုပါနိုင်ငံ၊ တိုင်းပြည်သည် ၎င်းတို့နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် မဲဆန္ဒရှင်များအား အကာအကွယ်ပေးနေစဉ်အတွင်း ပုံမှန်မဲလာပေးသည့်လူဦးရေ အရေအတွက်အား ထိန်းသိမ်းထားရန် တော်တော်လေး ရုန်းကန်ရပါလိမ့်မည်။ ဤပြဿနာသည် မဲရုံများသို့မလာရောက်သူများနှင့် ရွေးကောက်ပွဲနေ့မတိုင်မီမဲပေးခြင်း (early voting) အစီအမံများမရှိသည့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ ကြုံတွေ့ရသည့် ပြဿနာပင်ဖြစ်သည်။

## လုံလောက်ပြည့်စုံသည့်အရင်းအမြစ်များအား အချိန်မီရရှိခြင်း

COVID-19 ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရွေးကောက်ပွဲများကို လုံခြုံစွာကျင်းပနိုင်ရေးအတွက် အခြားလိုအပ်ချက်မှာ လုံခြုံသည့်မဲပေးမှုပတ်ဝန်းကျင်ဖန်တီးနိုင်ရန်အတွက် ရရှိနိုင်မည့် အရင်းအမြစ်နှင့်အဆင့် (ငွေကြေးအရင်းအမြစ်၊ အခြေခံအဆောက်အဦအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်၊ ကျွမ်းကျင်မှုအရင်းအမြစ် ၊ နည်းပညာအရင်းအမြစ်နှင့် ဆက်သွယ်ရေးအရင်းအမြစ် စသည်) တို့ပင်ဖြစ်သည်။ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အနေဖြင့်

[12] နိုင်ငံရပ်ခြားမှ International IDEA Handbook စာမျက်နှာ pp. 12–13, 19–20, 23 and 26, မဲပေးခြင်း ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၇ တွင်ထုတ်လွှင့်ခဲ့သည့်<https://www.idea.int/publications/catalogue/votingabroad-international-idea-handbook>, တွင်ကြည့်ရှုနိုင်ပေသည်။

လိုအပ်သည့်အစီအမံများအားလုံးကို အချိန်မီချမှတ်အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရန်မှာ အရင်းအမြစ်များကို လျင်လျင်မြန်မြန် လုံလုံလောက်လောက်ရရှိမှုအဆင့်နှင့်လည်း ဆက်စပ်နေသည်။

ယခုစာတမ်းတိုရေးသားနေစဉ်အတွင်း ၂၀၂၀ ခုနှစ် နိုင်ငံလုံးဆိုင်ရာ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများအတွက် ချမှတ်ဆောင်ရွက်ခဲ့သည့် လုံခြုံမှုဆိုင်ရာ ကြိုတင်ကာကွယ်မှုနှင့် အကာအကွယ်အစီအမံများအတွက် ကုန်ကျစရိတ် အသေးစိတ်အား ဖော်ထုတ်ပြောကြားခြင်းမရှိသေးပေ။ ရှုပ်ထွေးများပြားလှသည့် လုပ်ငန်းအစီအမံများအတွက် ငွေကြေး အရင်းအမြစ်နှင့် အခြားအရင်းအမြစ်များ၏ ကုန်ကျစရိတ်မှာ တော်တော်လေးများပြားမည် ဖြစ်သည်။

တိတိကျကျပြောရမည်ဆိုပါက လုံလောက်သည့် အရင်းအမြစ်များကို အချိန်မီရရှိခြင်းသည်လည်း ကိုရီးယားသမ္မတနိုင်ငံ ၂၁ ကြိမ်မြောက် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများကို များပြားလှသည့် စိန်ခေါ်မှုများနှင့် အကန့်အသတ်များကြားမှ ကျင်းပနိုင်ခဲ့ခြင်း၏ အဓိကအရေးကြီးသည့် အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ နိုင်ငံအားလုံးအနေဖြင့် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်ကဲ့သို့ လိုအပ်သည့် အရင်းအမြစ်များ တူညီကောင်း တူညီနိုင်မည်ဖြစ်ပြီး ထိုလိုအပ်သည့် အရင်းအမြစ်များအားလုံး ရှိကောင်းရှိမည်။ လုံလောက်သည့် အရင်းအမြစ်များ မရရှိခြင်းသည် အောင်မြင်မှုရရှိရန်အတွက် အဓိကကျသည့် အတားအဆီးအနှောင့်အယှက်ဖြစ်နေလိမ့်မည်။

## နိုင်ငံရေးဆိုင်ရာရပ်ဝန်းတစ်ခု

ထပ်မံထည့်သွင်းစဉ်းစားရမည့်အခြေအနေတစ်ခုမှာ နိုင်ငံရေးဆိုင်ရာရပ်ဝန်းတစ်ခုဖြစ်ခြင်းရှိ/ မရှိပင် ဖြစ်သည်။ ထိုနိုင်ငံရေးဆိုင်ရာရပ်ဝန်းတစ်ခုသည် ကူးစက်ရောဂါကြောင့် သမရိုးကျမဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများနှင့် ၎င်းတို့အား ကန့်သတ်ထားသည့် အကန့်အသတ်များကို အမျိုးမျိုးသောနိုင်ငံရေးပါဝင်ပတ်သက်သူများ (ရွေးချယ်ခံရရန်ယှဉ်ပြိုင်မည်ဆိုပါက) လက်ခံနိုင်ရန် ဆောင်ရွက်နိုင်သည်။ စိန်ခေါ်မှုများရှိနေစဉ်ကာလအတွင်း ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့မှ ၎င်း၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ထောက်ပံ့မှုများကိုလည်း ပေးနိုင်မည် ဖြစ်သည်။ နိုင်ငံရေးဆိုင်ရာရပ်ဝန်းတစ်ရပ်ရှိခြင်းသည် နိုင်ငံရေးပါတီများအားလုံးနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် လက်တွေ့ဆောင်ရွက်ရာတွင် တူညီပြီးမျှတမှုရှိသည့် အခွင့်အလမ်းများ တည်ဆောက်ပေးရမည်ဖြစ်ပြီး ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း လက်ရှိတာဝန်ယူထားသည့် အစိုးရအတွက် ဖြစ်နိုင်ချေရှိသည့် နည်းလမ်းများကိုရှာဖွေခြင်းအတွက်လည်း အထောက်အကူပြုမည်ဖြစ်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ၏ အတွေ့အကြုံမှ မည်သည့်သင်ခန်းစာ ရရှိလိုက်သနည်းဟု စဉ်းစားရာတွင် နိုင်ငံများ၊ နယ်မြေများအနေဖြင့် ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အများယုံကြည်လက်ခံပြီး အများပါဝင်သည့် ရွေးကောက်ပွဲများကျင်းပရန် မဆုံးဖြတ်ခင် ကိုယ့်နိုင်ငံ၊ ကိုယ့်နယ်နိမိတ်အခြေအနေ၊ လိုအပ်လာမည့် အနေအထား၊ လိုအပ်ချက်များအတွက် ဖြည့်တင်းနိုင်မှုများကို ဂရုတစိုက် အကဲဖြတ်ဆောင်ရွက်ထားသင့်ပေသည်။

၂၀၂၀ နိုင်ငံလုံးဆိုင်ရာ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲများမှ သင်ယူခဲ့ရသည့်အရာများများစွာရှိနေချိန်တွင် အောင်မြင်ခဲ့သည့် အရာများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားပြီးဖြစ်သည့် နိုင်ငံတိုင်း တရားမျှတမှုရှိပြီး လုံခြုံစိတ်ချရသည့်ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်လိမ့်မည်ဟု ခန့်မှန်းရန် တော်တော်လေးစောနေပါသေးသည်။ သေချာသည့်အရာတစ်ခုမှာ ကူးစက်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း အများယုံကြည် လက်ခံသည့် ရွေးကောက်ပွဲကျင်းပခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံသည် လာမည့်လများအတွင်း ၎င်းတို့ပြည်သူ/ ပြည်သားများ၏ဒီမိုကရေစီအခွင့်အရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စူးစမ်းရှာဖွေနေကြသည့် နိုင်ငံများနှင့် နယ်နိမိတ်များအတွက် အလေးအနက် ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့် အရေးကြီးသည့်သင်ခန်းစာများပင်ဖြစ်သည်။

## အခြေအနေတိုင်းသည် ထူးခြားပြီးအရေးပါလှသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ မကြာသေးမီက ရွေးကောက်ပွဲများ၏ အတွေ့အကြုံမှ မည်သည့်သင်ခန်းစာရရှိလိုက်သနည်းဟု စဉ်းစားရာတွင် နိုင်ငံများ၊ နယ်မြေများအနေဖြင့် ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အများယုံကြည်လက်ခံပြီး လုံခြုံ၍တရားမျှတမှုရှိသည့် ရွေးကောက်ပွဲများကျင်းပရန် မရှိမဖြစ်လိုအပ်သည့် အခြေခံကျသည့် အကြောင်းတရားများနှင့် ဆန့်ကျင်နေသည့် အခြေအနေတစ်ခုချင်းစီတိုင်းအတွက် ဂရုတစိုက် အကဲဖြတ်ဆောင်ရွက်ထားသင့်ပေသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံမှ သင်ယူခဲ့ရသည့်အရာများများစွာရှိနေချိန်တွင် အောင်မြင်ခဲ့သည့်အရာများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အများယုံကြည်လက်ခံပြီး လုံခြုံ၍ တရားမျှတမှုရှိသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် လိုအပ်သည့် စံချိန်စံညွှန်းများကို စောင့်ထိန်းလိုက်နာပြီး ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရန် နိုင်ငံအားလုံး၊ နယ်နိမိတ်အားလုံးတော့ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ သေချာသည့်အရာတစ်ခုမှာ ကူးစက်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း ရွေးကောက်ပွဲ ကျင်းပခဲ့သည့် ကိုရီးယား သမ္မတနိုင်ငံ၏ အတွေ့အကြုံသည် လာမည့်လများအတွင်း ၎င်းတို့ပြည်သူ/ပြည်သားများ၏ဒီမိုကရေစီ အခွင့်အရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စူးစမ်းရှာဖွေနေကြသည့် နိုင်ငံများနှင့် နယ်နိမိတ်များအတွက် အလေးအနက် ထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် အရေးကြီးသည့် သင်ခန်းစာများပင် ဖြစ်ပေသည်။

**အသုံးဝင်မည့် လင့်များ (Useful links)**

- NEC Video: Voter Code of Conduct in 20 Seconds
- NEC Video: Come and Vote Safely during Early Voting
- NEC Video: Come and Vote Safely on Election Day
- NEC Videos and images: Come and Vote Safely
- 21st National Assembly Elections Livestreaming

## ယခုနည်းပညာစာတမ်းတိုအား ရေးသားခဲ့သည့် စာရေးသူအကြောင်း

Antonio Spinelli သည် IDEA အဖွဲ့ အာရှနှင့်ပစိဖိတ်အစီအစဉ်၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ နိုင်ငံရေးပါဝင်မှုနှင့် ကိုယ်စားပြုမှုအတွက် Senior Regional Advisor ဖြစ်သည်။

Canberra မြို့ရှိ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအစီအစဉ်သို့ အလုပ်မဝင်ခင် ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ Spinelli သည် တောင်အာရှနှင့် နီပေါနိုင်ငံရှိ International IDEA ရုံးနှင့် အစီအစဉ်များ (Programme) အား စီမံခန့်ခွဲခဲ့ပါသည်။ ၎င်းဒေသရှိ (ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ (electoral processes )၊ local governance ၊ citizen engagement ၊ နိုင်ငံရေးကိုယ်စားပြုမှု (political representation )နှင့် ပူးပေါင်းပါဝင် ခြင်းအတွက်အစပျိုးခြင်း( participation initiatives ) များအတွက် ထောက်ပံ့ကူညီပေးခဲ့သည်။

၁၉၉၂ ခုနှစ်မှစတင်၍ သူသည် ရွေးကောက်ပွဲဆိုင်ရာမူဝါဒများကို ပုံဖော်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ထောက်ပံ့ကူညီမှုပေးသည့် စီမံချက်များ အထူးသဖြင့် UN, IFES နှင့် European Commission အဖွဲ့များ အပါအဝင် အဖွဲ့အစည်း တော်တော်များတွင် နိုင်ငံရေးအပြောင်းအလဲနှင့် ဒီမိုကရေစီစနစ်ပြောင်းလဲခြင်း၊ ပဋိပက္ခနှင့် ပဋိပက္ခပြီးအခြေအနေ နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ဆောင်လျက်ရှိပါသည်။

© 2020 International Institute for Democracy and Electoral Assistance

International IDEA publications are independent of specific national or political interests. Views expressed in this publication do not necessarily represent the views of International IDEA, or those of its Board or Council members.

The electronic version of this publication is available under a Creative Commons Attribution-NonCommercialShareAlike 3.0 (CC BY-NC-SA 3.0) licence. You are free to copy, distribute and transmit the publication, and to remix and adapt it, provided it is only for non-commercial purposes, that you appropriately attribute the publication, and that you distribute it under an identical licence. For more information visit the Creative Commons website: <http://creativecommons.org/licenses/by-nc-sa/3.0/>

Design and layout: International IDEA

DOI: <https://doi.org/10.31752/idea.2020.20>

**About International IDEA**

Founded in 1995, the International Institute for Democracy and Electoral Assistance (International IDEA) is an intergovernmental organization that supports sustainable democracy worldwide. The Institute is the only intergovernmental organization with a global mandate solely focused on democracy and elections, and is committed to be a global agenda-setter in the democracy-building field. With 33 Member States from all continents, International IDEA supports the development of stronger democratic institutions and processes; and fosters sustainable, effective and legitimate democracy through the provision of comparative knowledge resources, dialogues and partnerships at the global, regional and country levels.

International Institute for Democracy and Electoral Assistance

Strömsborg, SE–103 34 Stockholm, SWEDEN

Tel: +46 8 698 37 00

E-mail: info@idea.int

Website: <https://www.idea.int>